CCM POLYMERS SDN BHD 199501034678(363880-D)
(Incorporated in Malaysia)

No. 69, Jalan P10/21, Selaman Industrial Park,
Section 10, 43650, Bandar Baru Bangi, Selangor, Malaysia
Tel: +603 – 8922 1828 Fax: +603 – 8926 9323
www.ccmberhad.com

Employment Contract

ဤသဘောတူညီမှု စာချုပ်သည် မလေးရှားနိုင်ငံတွင် တည်ထောင်ထားပြီး No. 32, 34 & 36, Jalan P10/16, Selaman Industrial Park, Section 10, 43650 Bandar Baru Bangi, Selangor Darul Ehsan, Malaysia တွင် လိပ်စာမှတ်ပုံတင်ထားသော CCM POLYMERS SDN BHD၊ ကုမ္ပဏီ နံပါတ် 363880-D (ဤသဘောတူညီမှု စာချုပ်တွင် "အလုပ်ရှင်" ဟု ခေါ်ဆိုမည် ဖြစ်သည်) နှင့် နိုင်ငံကူးလက်မှတ် အမှတ် MG058844 ကိုင်ဆောင်သူ မြန်မာနိုင်ငံသား Min Khat Zaw (ဤသဘောတူညီမှု စာချုပ်တွင် "အလုပ်သမား" ဟု ခေါ်ဆိုမည် ဖြစ်သည်) တို့အကြား 09. JULY. 2023 ရက်နေ့တွင် ချုပ်ဆိုသည်။

မလေးရှားနိုင်ငံတွင် ဆောက်လုပ်ရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိသော အလုပ်ရှင်နှင့် ၎င်း၏ လက်အောက်ခံကုမ္ပဏီများ နှင့် ဆက်စပ်နေသော ကုမ္ပဏီများသည် မြန်မာအလုပ်သမားများကို လိုအပ်သည်။ အလုပ်သမားသည် အလုပ်ရှင်နှင့်/ သို့မဟုတ် ၎င်း၏ လက်အောက်ခံကုမ္ပဏီများ နှင့် ဆက်စပ်နေသော ကုမ္ပဏီများတွင် ထုတ်လုပ်ရေးတာဝန်ခံ နှင့် ပေါ်လီမာ အရောင်တင် ပျော်ရည် ထုပ်ပိုးသူအဖြစ် လုပ်ကိုင်ရန် ဆန္ဒရှိသည်။

ဤသဘောတူညီမှု စာချုပ်တွင် အောက်ပါအတိုင်း သဘောတူညီမည်။

၁. အလုပ်သမားတာဝန်များ

အလုပ်ရှင်သည် အလုပ်သမားအား ထုတ်လုပ်ရေး တာဝန်ခံ နှင့် ထုပ်ပိုးသူ အဖြစ် တာဝန်ပေးမည်ဖြစ်ပြီး အလုပ်ခန့်ထားခြင်း မစတင်မီတွင် အလုပ်အမျိုးအစား၊ လုပ်ခလစာ, ထောက်ပံ့ပေးထားသော ပံ့ပိုးမှုများ အပါအဝင် အလုပ်ခန့်ထားခြင်းနှင့် စပ်လျဉ်းသော သဘောတူညီချက်များ နှင့် ကုမ္ပဏီ၏ သတ်မှတ်ထားသော စည်းမျဉ်းစည်းကမ်းများကို ရှင်းပြပြီး ဖြစ်သည်။

၂. <u>အလုပ်ခန့်ထားမှု ကာလ</u>

၂.၁ ဤအလုပ်သမားခန့်ထားမှုဆိုင်ရာ သဘောတူညီချက် စာချုပ်သည် ၎င်း၏ နိုင်ငံကူးလက်မှတ်မှ သက်သေခံထားသော မလေးရှားနိုင်ငံသို့ အလုပ်သမားစတင်ရောက်ရှိသည့် ရက်မှ စ၍ သုံး (၃) နှစ် တရားဝင်သည်။

၂.၂ အလုပ်ခန့်ထားမှုကာလ သုံး (၃) နှစ်အပြီးတွင် သက်ဆိုင်ရာ မလေးရှားအာဏာပိုင်များ၏ ခွင့်ပြုချက်ဖြင့် သုံး (၃) နှစ်အောက် သက်တမ်းကို နှစ်ဦးသဘောတူ ဆက်တိုးနိုင်သည်။

၂.၃ အလုပ်ခန့်ထားမှုသည် စတင်ရောက်ရှိသည့် နေ့မှ စ၍ အစမ်းခန့်ကာလ သုံး (၃) လ ရှိမည်ဖြစ်ပြီး ထိုကာလအတွင်း အလုပ်သမား၏ လုပ်ငန်းဆောင်ရွက်မှုကို အလုပ်ရှင်မှ စိတ်ကျေနပ်မှု မရှိပါက အလုပ်ရှင်မှ

CCM POLYMERS SDN BHD 199501034678(363880-D)
(Incorporated in Malaysia)

No. 69, Jalan P10/21, Selaman Industrial Park,
Section 10, 43650, Bandar Baru Bangi, Selangor, Malaysia
Tel: +603 – 8922 1828 Fax: +603 – 8926 9323
www.ccmberhad.com

အလုပ်ခန့်ထားမှုကို ပယ်ဖျက်နိုင်သည်။ အလုပ်သမား၏ လုပ်ငန်းဆောင်ရွက်မှု စိတ်ကျေနပ်ဖွယ်ရာ ရှိမရှိကို အလုပ်ရှင်မှ ဆုံးဖြတ်နိုင်ခွင့်ရှိကြောင်းကို အလုပ်သမားမှ နားလည်ထားသည်။

၄. **<u>အလုပ်သမား၏ အလုပ်လုပ်ရန် သင့်တော်မှု</u>**

အလုပ်သမားသည် မလေးရှားနိုင်ငံသို့ ရောက်ရှိသည့်အချိန်တွင် အလုပ်လုပ်ရန် သင့်တော်ခြင်း ရှိမရှိကို ဆုံးဖြတ်ရန် အလုပ်ရှင်နှင့် ကျန်းမာရေး စစ်ဆေးမှု ခံယူရမည်။ အလုပ်ရှင်မှ ခန့်အပ်ထားသော ဆရာဝန်မှ စစ်ဆေးမှုကို လုပ်ဆောင်မည်။

၄. **<u>လုပ်ခလစာ</u>**

အလုပ်သမား၏ စုစုပေါင်း လစာသည် တစ်ရက် RM ၅၇.၆၉ (မလေးရှား ရင်းဂစ် ငါးဆယ့်ခုနစ်ကျပ် ခြောက်ဆယ့်ကိုးပြား) ဖြစ်သည်။ လစာပေးချေမှုသည် ပြက္ခဒိန်လကုန်တွင် ပေးချေမည်ဖြစ်ပြီး နောက်အကျဆုံး နောက်လ ၇ ရက်နေ့အတွင်း ပေးချေမည်ဖြစ်သည်။

၅. **<u>အလုပ်ချိန်</u>**

၅.၁ အလုပ်သမားသည် ၁၉၅၅ ခုနှစ် အလုပ်သမား အက်ဥပဒေမှ ပြဋ္ဌာန်းထားသည့် အလုပ်ချိန်အတိုင်း အလုပ်လုပ်ကိုင်ရမည်။

၅.၂ ပုံမှန်အလုပ်ချိန်ထက် ကျော်လွန်သော အလုပ်များ (ဤစာချုပ်၏ နောက်ပိုင်းတွင် "အချိန်ပို" ဟု ခေါ်ဆိုမည်) သည် ၁၉၅၅ ခုနှစ် အလုပ်ခန့်ထားမှုဆိုင်ရာ အက်ဥပဒေမှ ပြဋ္ဌာန်းထားသည့် နှုန်းထားအတိုင်း ရရှိမည်။

၅.၃ မည်သည့် အချိန်ပိုမဆို အလုပ်ရှင်ဘက်မှ တောင်းဆိုမှသာ လုပ်ဆောင်ရမည်။

၅.၄ ပရောဂျက်မန်နေဂျာ သို့မဟုတ် အလုပ်ရှင်ဘက်မှ တာဝန်ရှိသူတစ်ဦးဦး၏ မှန်ကန်စွာ တရားဝင်ခွင့်ပြုချက်ရှိမှသာ အချိန်ပို ဖြစ်သည်။

၆. **<u>လုံလောက်သော အလုပ်</u>**

၁၉၅၅ ခုနှစ် အလုပ်ခန့်ထားမှုဆိုင်ရာ အက်ဥပဒေ၏ ပြဋ္ဌာန်းချက်အရ ကုမ္ပဏီသည် ဤသဘောတူညီမှုစာချုပ်သက်တမ်းအတွင်း အလုပ်သမားအား သူ၏ လုပ်နိုင်စွမ်းနှင့် သင့်တော်သော အလုပ်ကို လုံလုံလောက်လောက် ထောက်ပံ့ပေးရမည်။

၇. **<u>နေရာထိုင်ခင်း</u>**

၇.၁ အလုပ်ရှင်သည် ဤသဘောတူညီမှုစာချုပ်သက်တမ်းအတွင်း အလုပ်သမားအား ရေမီး နှင့် အခြေခံ ပရိဘောဂ ပါဝင်သော နေရာထိုင်ခင်း အပြည့်အစုံကို အခမဲ့ ထောက်ပံ့ပေးမည်။

CCM POLYMERS SDN BHD 199501034678(363880-D)
(Incorporated in Malaysia)

No. 69, Jalan P10/21, Selaman Industrial Park,
Section 10, 43650, Bandar Baru Bangi, Selangor, Malaysia
Tel: +603 – 8922 1828 Fax: +603 – 8926 9323
www.ccmberhad.com



၇.၂ အလုပ်သမားသည် သင့်လျော်သော နေရာထိုင်ခင်းတွင် သင့်တင့်လျောက်ပတ်သော အလုပ်သမားဦးရေနှင့် အတူနေထိုင်ရမည်။

၇.၃ အလုပ်သမားသည် ထောက်ပံ့ပေးထားသော နေရာထိုင်ခင်းသို့ မိတ်ဆွေများ သို့မဟုတ် ဆွေမျိုးတော်စပ်သူများကို ခေါ်မလာရန် တင်းတင်း ကြပ်ကြပ် တားမြစ်ထားသည်။

၈. <u>အစားအသောက် စသည့်</u>

အလုပ်သမားသည် စားသောက်ရေးအတွက် ကိုယ်တိုင် စီစဉ်ရမည်။

၉. ကျန်းမာရေး အထောက်အပံ့

ရည်ရွယ်ချက်ဖြင့် မိမိကိုယ်ကိုယ် ထိခိုက်စေသော ဒဏ်ရာများနှင့် လိင်မှ တစ်ဆင့်ကူးစက်သော ရောဂါများမှ လွဲ၍ အလုပ်ရှင်မှ ဆေးကုသမှု အခမဲ့ ထောက်ပံ့ပေးမည်။ ဆေးကုသမှု ကုန်ကျစရိတ်သည် အလုပ်သမားတစ်ယောက်လျှင် တစ်နှစ် မလေးရှားရင်းဂစ် ၃၀၀ သတ်မှတ်ထားသည်။

၁၀. <u>လုပ်သက်ခွင့်ရက်၊ ဆေးခွင့်ရက်နှင့် အများပြည်သူ အလုပ်ပိတ်ရက်</u>

၁၀.၁ ၁၉၅၅ ခုနှစ် အလုပ်ခန့်ထားမှုဆိုင်ရာ အက်ဥပဒေ၏ ပြဋ္ဌာန်းချက်အရ အလုပ်သမားသည် လစာမပျက် လုပ်သက်ခွင့်ရက် ခံစားခွင့်ရှိသည်။

၁၀.၂ အလုပ်သမားသည် အလုပ်ရှင်၏ ဆရာဝန်ထံမှ အလုပ်လုပ်ရန် မသင့်တော်ကြောင်း ထောက်ခံစာ ရရှိပါက ၁၉၅၅ ခုနှစ် အလုပ်ခန့်ထားမှုဆိုင်ရာ အက်ဥပဒေတွင် ပြဋ္ဌာန်းထားသည့်ရက် ထက် မပိုသော လစာမပျက် ဆေးခွင့်ရက်ကို ခံစားခွင့်ရှိသည်။

၁၀.၃ အလုပ်သမားသည် ခွင့်ရက် အလိုရှိပါက အလုပ်ရှင်ထံမှ စာခွင့်ပြုချက်ကို ၇ ရက်ကြိုတင်၍ ရယူရမည်ဖြစ်ပြီး သတ်မှတ်ချိန်အတွင်း လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်ရမည်။

၁၀.၄ အလုပ်သမားသည် ၁၉၅၅ ခုနှစ် အလုပ်ခန့်ထားမှုဆိုင်ရာ အက်ဥပဒေ၏ ပြဋ္ဌာန်းချက်အရ အများပြည်သူပိတ်ရက်များကို ခံစားခွင့်ရှိသည်။

၁၁. <u>သယ်ယူပို့ဆောင်ရေး</u>

လိုအပ်သည့် အခါတွင် အလုပ်နှင့် နေရာထိုင်ခင်းကြား သွားလာရေးကို အလုပ်ရှင်မှ အခမဲ့ ထောက်ပံ့ပေးသည်။

CCM POLYMERS SDN BHD 199501034678(363880-D)
(Incorporated in Malaysia)

No. 69, Jalan P10/21, Selaman Industrial Park,
Section 10, 43650, Bandar Baru Bangi, Selangor, Malaysia
Tel: +603 – 8922 1828 Fax: +603 – 8926 9323
www.ccmberhad.com

၁၂. **SOCSO အလုပ်ခန့်ထားမှုဆိုင်ရာ ထိခိုက်မှု စီမံချက်**

အလုပ်ရှင်သည် အလုပ်သမားအတွက် SOCSO အလုပ်ခန့်ထားမှုဆိုင်ရာ ထိခိုက်မှု စီမံချက် ထောက်ပံ့ပေးမည်။ လျော်ကြေးငွေရယူရန် ကိစ္စရှိခဲ့ပါက အလုပ်ရှင်သည် သက်ဆိုင်ရာ အလုပ်သမားကို လျော်ကြေးငွေ တောင်းဆိုရေးတွင် ကူညီရန် တာဝန်ရှိသည်။ ဤစီမံချက်သည် ထိခိုက်မှုကြောင့် ယာယီနှင့် ထာဝရ ကိုယ်လက် မသန်မစွမ်းဖြစ်မှုနှင့် သေဆုံးမှုအတွက်ပါ အကျုံးဝင်သည်။

၁၃. **ကျန်းမာရေး အာမခံ**

မလေးရှားနိုင်ငံ လူဝင်မှုကြီးကြပ်ရေးဌာန၏ တောင်းဆိုချက်အရ ကျန်းမာရေးအာမခံ လိုအပ်ပြီး အလုပ်ရှင်မှ ကုန်ကျခံမည် ဖြစ်သည်။

၁၄. **အစိုးရ အခွန်နှင့် လဝကကြေး**

အစိုးရနှင့် လူဝင်မှုအခွန်ကို အလုပ်ရှင်မှ ပေးဆောင်မည်။ အလုပ်သမား၏ လုပ်ခလစာမှ ဤအခွန်ကို နှုတ်ယူခြင်း မရှိစေရ။

၁၅. **လစာတိုးခြင်းနှင့် အပိုဆုကြေး**

အလုပ်ရှင်သည် လစာတိုးရန်နှင့် အပိုဆုကြေးပေးရန် တာဝန်မရှိ။ လစာတိုးခြင်းနှင့် အပိုဆုကြေး မှန်သမျှသည် အလုပ်ရှင်၏ ဆုံးဖြတ်ပိုင်ခွင့် ဖြစ်သည်။ အလုပ်ရှင်သည် အပိုဆုကြေးပေးရန် ဆုံးဖြတ်ခဲ့လျှင် နောက်နှစ်၏ အစတွင် ရရှိမည်။ (အပိုဆုကြေးသည် ပုံမှန်အားဖြင့် ကုမ္ပဏီ၏ လုပ်ဆောင်ချက်, အလုပ်ရှင်၏ အကျိုးအမြတ် ရရှိမှု နှင့် စီးပွားရေး အခြေအနေပေါ်တွင် မူတည်လေ့ရှိသည်)။ အလုပ်ရှင်သည် အလုပ်ခန့်ထားမှု ကာလ ခြောက်လ နောက်ပိုင်းတွင် လုပ်ခလစာကို ပြန်လည်ဆန်းစစ်ပြီး လစာတိုးရန် ဆုံးဖြတ်နိုင်သည်။

၁၆. **လေကြောင်းခရီး**

၁၆.၁ အလုပ်ရှင်သည် အလုပ်သမားများအား မြန်မာနိုင်ငံမှ ကွာလာလမ်ပူသို့ သင့်လျော်သော တရားဝင် လေကြောင်းပို့ဆောင်ရေး ထောက်ပံ့ပေးမည်။

၁၆.၂ သဘာဝဘေးအန္တရာယ် သုံး (၃) နှစ်သက်တမ်းပြီးဆုံးချိန်တွင် အလုပ်ရှင်သည် အလုပ်သမားအား မြန်မာသို့ အပြန်တစ်ကြောင်းစာ (ကွာလာလမ်ပူမှ ရန်ကုန်) လေယာဉ်လက်မှတ် အခမဲ့ ထောက်ပံ့ပေးမည်။

၁၆.၃ သက်တမ်းကုန်ဆုံးရက် မတိုင်မီ အလုပ်သမားဘက်မှ စာချုပ်ဖျက်သိမ်းခဲ့ပါက မြန်မာနိုင်ငံသို့ မိမိ၏ စရိတ်ဖြင့် ပြန်ရမည်။

CCM POLYMERS SDN BHD 199501034678(363880-D)
(Incorporated in Malaysia)

No. 69, Jalan P10/21, Selaman Industrial Park,
Section 10, 43650, Bandar Baru Bangi, Selangor, Malaysia
Tel: +603 – 8922 1828 Fax: +603 – 8926 9323
www.ccmberhad.com

၁၇. <u>ကန့်သတ်ချက်များ</u>

၁၇.၁ အလုပ်သမားသည် ဤသဘောတူညီမှုစာချုပ် ကာလအတွင်း အခြားသော ပုဂ္ဂိုလ် အဖွဲ့အစည်းများတွင် အလုပ်တာဝန်ထမ်းဆောင်ခြင်း မပြုရ။

၁၇.၂ အလုပ်သမားနှင့်အတူ သူ၏ မိသားစု သို့မဟုတ် မိတ်ဆွေများ မလေးရှားသို့ လိုက်ပါလာခွင့်မရှိ။

၁၇.၃ အလုပ်သမားသည် အကျင့်စာရိတ္တပျက်ပြားခြင်း၊ အလုပ် စည်းမျဉ်းစည်းကမ်းများနှင့် ပတ်သက်၍ စည်းကမ်းချိုးဖောက်ခြင်း မပြုရ။

၁၇.၄ အလုပ်သမားသည် မလေးရှားနိုင်ငံတွင် နေထိုင်စဉ်အတွင်း ဥပဒေ ချိုးဖောက်မှု မပြုရ။

၁၇.၅ အလုပ်သမားသည် သပိတ်မှောက်ခြင်း၊ သပိတ်တွင် ပါဝင်ခြင်း၊ ဆန္ဒပြခြင်း၊ အခြားသော အလုပ်သမားများကို ထိုသို့ ပြုလုပ်ရန် လှုံ့ဆော်ခြင်း မပြုရ။

၁၇.၆ အလုပ်သမားသည် မည်သည့်အကြောင်းပြချက်နှင့်မျှ အခြားသော အလုပ်သမားများထံမှ အတင်းအကြပ် ဖြစ်စေ၊ ခြိမ်းခြောက်၍ ဖြစ်စေ ငွေကောက်ခံခြင်း မပြုရ။

၁၈. <u>အလုပ်ခန့်ထားမှု ဖျက်သိမ်းခြင်း</u>

အောက်ပါအချက်များ ဖြစ်ပေါ်ခဲ့လျှင် အလုပ်ရှင်သည် အလုပ်သမားအား တစ်လကြိုတင် အကြောင်း ကြား၍ ဤသဘောတူညီမှုစာချုပ်ကို ဖျက်သိမ်းပိုင်ခွင့်ရှိသည်။

၁၈.၁ အထက်တွင် ဖော်ပြခဲ့သော အပိုဒ်ငယ် ၁၇ မှ ကန့်သတ်ချက်များကို အလုပ်သမားမှ ချိုးဖောက်လျှင် သို့မဟုတ် မလေးရှားနိုင်ငံ၏ ဥပဒေအရ ပြစ်မှုတစ်စုံတစ်ရာ ကျူးလွန်ကြောင်း တွေ့ရှိရလျှင်

၁၈.၂ မလေးရှားအာဏာပိုင်များက အလုပ်သမား၏ အလုပ်ထမ်းဆောင်ခွင့်ကို မည်သည့်အကြောင်း ကြောင်းဖြင့်မဆို ရုတ်သိမ်းလိုက်လျှင်

၁၈.၃ အလုပ်သမားဘက်မှ သင့်တော်သော အကြောင်းပြချက်မရှိဘဲ လုပ်ငန်းခွင်မှ နှစ် (၂) ရက်ဆက်တိုက် ပျက်ကွက်လျှင်

၁၈.၄ အလုပ်သမားသည် အသက် ဆယ့်ရှစ် (၁၈) နှစ် မပြည့်သေးကြောင်း တွေ့ရှိခဲ့လျှင်

၁၈.၅ အလုပ်သမားသည် ဥပဒေက ခွင့်ပြုထားပြီး ကျိုးကြောင်းဆီလျော်၍ သူ၏ လုပ်ငန်းတာဝန်နှင့် သက်ဆိုင်သော အမိန့်ကို တမင်မလိုက်နာလျှင်

၁၈.၆ အလုပ်သမားသည် သူ၏ လုပ်ငန်းတာဝန်များတွင် သတိမမူ ပေါ့ဆလေ့ ရှိလျှင်

CCM POLYMERS SDN BHD 199501034678(363880-D)
(Incorporated in Malaysia)

No. 69, Jalan P10/21, Selaman Industrial Park,
Section 10, 43650, Bandar Baru Bangi, Selangor, Malaysia
Tel: +603 – 8922 1828 Fax: +603 – 8926 9323
www.ccmberhad.com

၁၈.၇ အလုပ်သမားသည် အလုပ်ကို ထပ်ခါထပ်ခါ အလွန်အကျွံနောက်ကျလျှင်

၁၈.၈ အလုပ်သမားသည် တရားမဝင် ဥပဒေက ခွင့်မပြုသော ကိစ္စရပ်များ, မူးယစ်ဆေးနှင့် အခြားသော မလေးရှားနိုင်ငံ တရားဥပဒေကို ချိုးဖောက်သော ကိစ္စရပ်များတွင် ပါဝင်ပတ်သက်လျှင်

၁၈.၉ အလုပ်သမားသည် အလုပ်လုပ်ရန် မသင့်တော်ကြောင်း ဆရာဝန်မှ အတည်ပြုလက်မှတ် ရေးထိုးခဲ့လျှင်

၁၈.၁၀ အလုပ်သမားဘက်မှ အလုပ်ခန့်ထားမှုဆိုင်ရာ စာချုပ်ကို သက်တမ်းမကုန်မီ အဆုံးသတ်လိုလျှင်၊ ပြန်သည့် လေယာဉ်လက်မှတ်ကို အလုပ်သမားမှ ကျခံရမည်။

၁၈.၁၁ အလုပ်သမားသည် ကိုယ်ဝန်ရှိနေကြောင်း တွေ့ရှိရလျှင် (အမျိုးသမီးများ အတွက်သာ)

၁၉. <u>အလုပ်သမား သေဆုံးခြင်း</u>

အလုပ်ခန့်ထားမှု ကာလအတွင်း အလုပ်သမားသေဆုံးခဲ့လျှင် ရုပ်အလောင်းကို မြန်မာနိုင်ငံရှိ သူ၏ ဆွေမျိုးသားချင်းထံသို့ ပို့ဆောင်ရန် လိုအပ်သော ကုန်ကျစရိတ်အားလုံးကို အလုပ်ရှင်မှ ကျခံမည်။

၂၀. <u>သဘောတူညီချက်ပါ ဝတ္တရားများကို ဆောင်ရွက်ခြင်း</u>

ဤစာချုပ်တွင် ပါရှိသော သဘောတူညီချက်များကို တောင်းဆိုရန် အလုပ်ရှင်၏ ပျက်ကွက်မှု သို့မဟုတ် အလုပ်သမားဘက်မှ စာချုပ်ပါ သဘောတူညီချက်အား ချိုးဖောက်မှုကို အလုပ်ရှင်၏ လျှော့ပေါ့ပေးမှုသည် အဆိုပါ စည်းကမ်းချက်၏ နောက်ဆက်တွဲ အကျိုးသက်ရောက်မှုကို ရှောင်လွှဲနိုင်မည်မဟုတ် သို့မဟုတ် ဤစာချုပ်အရ ရရှိထားသော အလုပ်ရှင်၏ လုပ်ပိုင်ခွင့် စွန့်လွှတ်မှုဟု အဓိပ္ပါယ်ကောက်ယူမည် မဟုတ်။

၂၁ <u>မဖြေရှင်းနိုင်သော အငြင်းပွားမှုများ</u>

ဤသဘောတူညီချက် စာချုပ်သည် မလေးရှားနိုင်ငံဥပဒေအတိုင်း အဓိပ္ပါယ်ကောက်ယူအဓိန္ဓိတည်မည်။

CCM POLYMERS SDN BHD 199501034678(363880-D)
(Incorporated in Malaysia)

No. 69, Jalan P10/21, Selaman Industrial Park,
Section 10, 43650, Bandar Baru Bangi, Selangor, Malaysia
Tel: +603 – 8922 1828 Fax: +603 – 8926 9323
www.ccmberhad.com

ပါဝင်ပတ်သက်သူများက ဤသဘောတူစာချုပ်ကို အသက်ဝင်အတည်ဖြစ်စေကြောင်း မျက်မြင်သက်သေများ

Signed on behalf the Employer

Name : **MAZNAH BINTI MAHADZIR**

Designation : **SENIOR MANAGER HUMAN RESOURCES**

NRIC : 720326-02-5554

Signed by witness

Name : **BO BO ZAW**

Designation : **DIRECTOR (AUNG PHONE MYAT HEIN Co.Ltd)**

AUNG PHONE MYAT HEIN COMPANY LIMITED
No.....
Date.....

Signed by the Employee

Name : Min Khat Zaw

Passport Number : MG 05 8844

